**Burmese Democratic Futures Working Group – BDFWG**

**University of Virginia**

# မြန်မာပြည်အတွက်ကြားဖြတ်အစိုးရဖွဲ့ရေး တရုတ်၏အကြံအစည်

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်

စစ်ကောင်စီ၏ လက်ရှိအခြေအနေမှာ ဆိုးဝါးလျှက်ရှိကြောင်း တရုတ်နိုင်ငံမှ ကောင်းစွာသိသည်။ မင်းအောင်လှိုင်တွင် အရည်အချင်းလုံးဝမရှိသည်ကိုလည်း သိပါသည်။ လက်ရှိအခြေအနေအတိုင်းဆက်သွားနေပါက တော်လှန်ရေး အင်အားစုများက မြန်မာတစ်နိုင်ငံလုံးအား ထိန်းချုပ်သွားတော့မည်ကို တရုတ်နိုင်ငံအနေဖြင့် အထိုက်အလျောက် စိုးရိမ်လျှက်ရှိသည်။ NUG အာဏာရခဲ့လျှင် အမေရိကန်နှင့် အနောက်အုပ်စုများ၏ ဩဇာ မြန်မာပြည်မှာကြီးထွားလာမည်ကို စိုးရိမ်သည့်အတွက် တရုတ်က ထိုအခြေအနေကို ရှောင်ကျဉ်ရန် ကြိုးစားလျှက် ရှိသည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် စစ်ကောင်စီကိုစိတ်ပျက်လျက်ရှိသည်ဟု မြင်ရသည်။ တရုတ်၏ စိတ်ပျက်မှုထဲတွင် မင်းအောင်လှိုင်၏ ညံ့ဖျင်းမှုနှင့် သူ့၏စကားနားမထောင်မှုအဓိကဖြစ်သည်။ ဇန်နဝါရီလ ၅ ရက် ဟိုင်ဂင်သဘောတူညီချက်အပြီးနောက်ပိုင်း နယ်စပ်ကုန်သွယ်ရေးများအား ပြန်ဖွင့်ရန် မြောက်ပိုင်းညီနောင်သုံးဖွဲ့နှင့် စစ်ကောင်စီတို့ကြား ဆွေးနွေးမှုများကိုတရုတ်မှ ကြိုးစားဆောင်ရွက်ခဲ့သည်။ အဆိုပါအချိန်အတွင်းတွင် စစ်ကောင်စီသည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တပ်အင်အားတိုးချဲ့မှုများကို ဆက်တိုက်ပြုလုပ်ရုံသာမက ရန်စတိုက်ခိုက်မှုများပါ ပြုလုပ်ခဲ့သည်။

အဆိုပါ အခြေအနေများကြောင့် ၂၀၂၄ ခုနှစ်၊ မေလတွင် ဆွေးနွေးပွဲများပျက်သွားရသည့်အခါ တရုတ်သည် မင်းအောင်လှိုင်နှင့် စစ်ကောင်စီအား အတိုင်းအတာတော်တော်များများ စိတ်ပျက်သွားခဲ့သည်။ စစ်ကောင်စီအား ချက်ချင်းပြုပြင်ပြောင်းလဲမှုများပြုလုပ်မှုရမည်ဟု မြင်သွားခဲ့သည်။ ထိုကြောင့်ပင် ၁၀၂၇ စစ်ဆင်ရေး (အပိုင်း၂) ဖြစ်လာသောအခါ အတည်မပြုနိုင်သောသတင်းများအရ ထိုစစ်ဆင်ရေးအားတားဆီးပေးရန် စစ်ကောင်စီမှ တရုတ်အားမေတ္တာရပ်ခံခဲ့သော်လည်း တရုတ်ဖက်မှ နှုတ်ဆိတ်၍သာ နေခဲ့သည်။

စစ်ကောင်စီသည် တော်လှန်ရေးအင်အားစုများကို ရှုံးနိမ့်လျက်ရှိပြီး၊ တဖြည်းဖြည်းဆက်လက်ရှုံးနိမ့်ကာ နောက်ဆုံးတွင် မြန်မာတစ်နိုင်ငံလုံးကို စစ်ကောင်စီ လက်လွတ်ရတော့မည်ကို အောက်ပါအခြေအနေများမှ ညွှန်ပြလျှက်ရှိသည်။

၁။ ၁၀၂၇ ( အပိုင်း ၂ ) စစ်ဆင်ရေးစပြီး ရက်ပိုင်းအတွင်းတွင် တော်လှန်ရေးအင်အားစုများမှ စစ်ကောင်စီ၏ တပ်စခန်းပေါင်း ၅၀ ကျော်ကို တပြိုင်နက်သိမ်းပိုက်ပြီး၊ ကျောက်မဲ၊ နောင်ချိုစသည့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ဒေသများသာမက မိုးကုတ်၊ စဉ့်ကူးနှင့်မတ္တရာစသော ပြည်မဒေသမှ မြို့နယ်များ၏ဒေသအများစုကို သိမ်းပိုက်လိုက်သည်။ ထို့အတူ မန္တလေးမှ တရုတ်နိုင်ငံအထိ ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်အား ထိန်းချုပ်ပြီး စစ်ကောင်စီ၏တပ်များအား ပိတ်ဆိုထားခဲ့နိုင်ခဲ့သည်။

၂။ အာရက္ခတပ်တော် AA မှ ရခိုင်ဒေသတစ်ခုလုံးနီးပါးထိန်းချုပ်လာနိုင်ပြီး ပလေဝနှင့် သံတွဲလေဆိပ် တို့ကိုပါ ထိန်းချုပ်လာနိုင်သည့် အပြင် ရခိုင်ပြည်နယ်ရှိအနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အပါအဝင် စစ်ကောင်စီတပ်များ၊ စခန်းများ၊ ဌာနချုပ်များအားလုံးကိုပိတ်ဆို့ထားနိုင်ခဲ့သည်။ အဆိုပါအခြေအနေသည် ရခိုင်ပြည်အတွင်းရှိ စစ်ကောင်စီတပ်များအားလုံး နောက်ဆုံးတွင် မလွဲမသွေလက်နက်ချအညံ့ခံရတော့မည့်အခြေအနေဖြစ်သည်။

၃။ ပြည်သူ့ကာကွယ်ရေးတပ်မတော်မှ ထိန်းချုပ်ထားသည့်နေရာ အများစုရှိသည့်စဉ့်ကူးမြို့နယ်နှင့် မတ္တရာမြို့နယ်တို့သည် စစ်ကိုင်းတိုင်းနှင့် ကပ်လျှက်ရှိပြီး စစ်ကိုင်းတိုင်းသည် နွေဦးတော်လှန်ရေးအစကတည်းကပင် စစ်ကောင် စီထိန်းချုပ်မှုအောက်တွင်မရှိပဲ မြို့များကွက်ကွက်ကိုသာ စစ်ကောင်စီမှထိန်းချုပ်ထားနိုင်သည့် အနေအထားတွင် ရှိသည်။ လက်ရှိအခြေအနေတွင် စစ်ကိုင်းတိုင်း၏ ၈၀ ရာခိုင်နှုန်းခန့်သည် တော်လှန်ရေး အင်အားစုများ၏ ထိန်းချုပ်မှုအောက်တွင်ရှိသည်။ စစ်ကိုင်းတိုင်း၏အရှေ့ဖက်ဖြစ်သည့် စဉ့်ကူး၊ မတ္တရာဒေသကို ပြည်သူ့ကာကွယ်ရေးတပ်မတော်မှထိန်းချုပ်ပြီး၊ အနောက်ဖက်တွင် ချင်းပြည်ကို ချင်းတော်လှန်ရေးအင်အားစုများမှ ထိန်းချုပ်ကာ၊ ရခိုင်ပြည်ကို အာရက္ခတပ်တော်မှ ထိန်းချုပ်သည့်အနေအထားသည် စစ်ကိုင်းတိုင်းအတွင်းမြို့ နေရာကွက်ကွက်လေး၌သာ ကတုတ်ကျင်းတူးပြီးပုန်းနေရသည့် စစ်ကောင်စီတပ်ဖွဲ့များအားလုံး ထွက်ပေါက်မရှိအောင် ဝိုင်းထားခံလိုက်ရသည့် အခြေအနေဖြစ်သွားသည်။ ထို့ကြောင့် စစ်ကိုင်းတိုင်းအတွင်းရှိ စစ်ကောင်စီ တပ်ဖွဲ့များသည် တော်လှန်ရေးတပ်ဖွဲ့များထံ လက်နက်ချအညံ့ခံရသည့်အနေအထား၊ ထွက်ပေါက်ရှာ ထွက်ပြေးရသည့် အနေအထားကိုရောက်ရှိသွားကာ စစ်ကိုင်းတိုင်းကို စစ်ကောင်စီလုံးဝ လက်လွှတ်ရတော့မည် ဖြစ်သည်။

၄။ ကရင်ပြည်နယ်တွင် နိုင်ငံတော်အဆင့်ဟုသတ်မှတ်ထားပြီး၊ ဒုတိယကာကွယ်ရေးဦးစီးချုပ် စိုးဝင်း ကိုယ်တိုင် ကြီးကြပ်သည့် အောင်ဇေယျစစ်ကြောင်းသည် သူတို့လက်လွှတ်ခဲ့ရသော မြဝတီကို ၄ ရက်နှင့် ချီတက်သိမ်းယူမည်ဟု ကြွေးဝါးခဲ့သော်လည်း KNLA နှင့် ပူးပေါင်းတပ်များ၏ ထိုးစစ်အောက်တွင် ၃ လကျော် ကြာသည်အထိ ဒေါနတောင်ပေါ်တွင် အသေအပျောက်များစွာဖြင့် ပိတ်မိနေခဲ့ပြီး နောက်ဆုံးပြန်လည်ဆုတ်ခွာနေရပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် စစ်ကောင်စီမှ အာဏာကို ဆက်လက်ချုပ်ကိုင်ထားနိုင်မှုသည် တရုတ်၏ ဗျူဟာမြောက် အကျိုးစီးပွားများနှင့် ကိုက်ညီသည့်အတွက် တရုတ်နိုင်ငံအတွက် အသင့်တော်ဆုံးဟု တရုတ်က ရှုမြင်သည်။

သို့သော် မြန်မာနိုင်ငံ၏ လက်ရှိမရေရာသော အခြေအနေသည် တရုတ်နိုင်ငံ၏ အကျိုးစီးပွားအတွက် စိန်ခေါ်မှု အလွန်ကြီးသည်။ တရုတ်သည် မင်းအောင်လှိုင်၏ ခေါင်းဆောင်မှု စွမ်းရည်ကိုမယုံကြည်တော့သည့်အပြင် သူ၏ ဆက်လက်အုပ်ချုပ်မှုအောက်တွင် အခြေအနေများ ပိုမိုဆိုးရွားလာနိုင်ကြောင်းသိရှိသည်။ အမေရိကန် ကွန်ဂရက်မှ မြန်မာ့အရေး " Burma Act "အက်ဥပဒေ ပြဋ္ဌာန်းပြီး နောက်ပိုင်းတွင် အမျိုးသားညီညွတ်ရေး အစိုးရ (NUG) ကို အမေရိကန်အစိုးရ၏ လက်ဝေခံဟုပိုမိုယူဆခဲ့သည့်အတွက် NUG ၏ မြန်မာပြည်အား စိုးမိုး လာမှုသည် စစ်တပ်နှင့်နှိုင်းယှဉ်လျှင် တရုတ်၏အကျိုးစီးပွားကို ကာကွယ်ပေးမည်မဟုတ်ဟု တရုတ်မှ သုံးသပ် ပုံရသည်။ ထို့ကြောင့် မြန်မာနိုင်ငံအား အမျိုးသားညီညွတ်ရေးအစိုးရ NUG ထိန်းချုပ်၊ အုပ်ချုပ် လာမည်ကို လိုလားဟန်မတူပေ။

တရုတ်နိုင်ငံသည် သူ့၏အကျိုးစီးပွားကိုအာမခံသော၊ မြန်မာနိုင်ငံ၏အခြေအနေကို ထိန်းသိမ်းနိုင်သော အစိုးရ မျိုးကို လိုလားလျက်ရှိသည်။ လက်ရှိအချိန်တွင် ကြားဖြတ်အစိုးရပုံစံမျိုးကိုဖော်ဆောင်ပြီး ရွေးကောက်ပွဲကို ကျင်းပ၍ရသည့်နေရာများတွင် ကျင်းပပြုလုပ်ကာ တရားဝင်ဖြစ်မှုကိုဖော်ဆောင်ပြီး မြန်မာနိုင်ငံအတွက် စာမျက်နှာသစ်ဖွင့်သည့်အခြေအနေကို ဖော်ဆောင်နိုင်မှသာလျှင်ဖြစ်မည်ဟု တရုတ်ကမြင်သည်။ အဆိုပါ ရည်မှန်းချက်အောင်မြင်ရန် တရုတ်နိုင်ငံမှ သံတမန်ရေး၊ စီးပွားရေး၊ စစ်ရေး ( လက်နက်ထောက်ပံ့ရေး) စသည့် တတ်နိုင်သမျှနည်းလမ်းများအားလုံးကိုသုံးပြီး အကောင်အထည်ဖော်မည်ဟု စီစဉ်ဆုံးဖြတ်ထားပုံ ရသည်။ ထိုအခြေအနေအကောင်အထည်ပေါ်ရန်မှာ ပထမဆုံးအနေဖြင့် သူ၏အစီအစဉ်အား လက်ခံသော (သူ့စကားကို နားထောင်သော)၊ ထို့အပြင် အထိုက်အလျောက်လုပ်ရည်ကိုင်ရည်ရှိသည့် အစိုးရတစ်ရပ်ကို လိုအပ်လျက် ရှိပါသည်။ ဤသည်မှာ တရုတ်အစိုးရစီစဉ်နေသည်ဟု ယုံကြည်ရသောမြန်မာနိုင်ငံအတွက် ကြားဖြတ်အစိုးရ အစီအစဉ်ပင် ဖြစ်သည်။

ဤသုံးသပ်ချက်သည် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် တရုတ်နိုင်ငံ၏ လတ်တလော လှုပ်ရှားမှုများနှင့် ရည်ရွယ်ချက်များကို ကျွန်ုပ်တော်၏ ကနဦး အကဲဖြတ်ထားချက် ဖြစ်ပါသည်။

မျိုးရန်နောင်သိန်း

Burmese Democratic Futures Working Group (BDFWG)

University of Virginia